http://www.dhammadownload.com

အမှတ်-၁၀၂၁

DHAMMAVIJJĀLAYA
2546 2003
CENTRE FOR BUDDHIST STUDIES

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

# ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

http://www.dhammadownload.com

## ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ ၂၂-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၃၈၄၁၉၃, ၀၉-၅၁၄၆၀၉၅

http://www.dhammadownload.com

Lotus Group

Ma Clit

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

http://www.dhammadownload.com

http://www.dhammadownload.com

# ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

ယနေ့ လူသားတွေအဖြစ် အခြေအနေ အမျိုးမျိုး ပြောင်းလဲရောက်ရှိလာပုံနှင့် ယနေ့ လူသားများရဲ့ မနက်ဖြန်ကမ္ဘာ မည်သို့မည်ပုံ ဖြစ်လာနိုင်တယ်ဆိုတာကို ဟောကြားထားတဲ့ **စက္ကဝတ္တိသုတ္တန်** ဆိုတာ ရှိပါတယ်။ အဲဒီ **စက္ကဝတ္တိသုတ္တန်** ကို အခြေခံပြီးတော့ **ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ** တရားကိုဟောမှာ ဖြစ်ပါတယ်။

တစ်ချိန်တုန်းက လူသားတွေဟာ ဒီကနေ့ အခြေအနေမျိုး မရောက်ခင် အလွန်သာယာ အေးချမ်းပြီးတော့ အစစအရာရာ စုံလင်ပြည့်ဝတဲ့ ရွှေခေတ် လို့ ခေါ်ရမယ့် ခေတ်တစ်မျိုးကို ကြုံခဲ့ကြရပါတယ်။ ထိုအချိန်တုန်းကတော့ လူသားတွေရဲ့ သက်တမ်းဟာ

http://www.dhammadownload.com



အင်မတန်မှ ရှည်လျားတယ်။ နှစ် ရှစ်သောင်းသက်တမ်း ရှည်တယ်။ နှစ် ရှစ်သောင်း သက်တမ်းရှည်တဲ့ လူ့လောကမှာ ပြဿနာအလွန်နည်းပါးပြီး လူတွေဟာ အင်မတန်သာယာ ငြိမ်းချမ်းပျော်ရွှင် ချမ်းမြေ့စရာကောင်းတဲ့ လူ့ဘုံလူ့ဘဝမှာ နေခဲ့ကြရတယ်ဆိုတာကို သိရပါတယ်။

ထိုခေတ် ထိုအခါမှာ အုပ်စိုးတဲ့ ဘုရင်ကြီးက စကြာရတနာကိုပိုင်စိုးတဲ့ **စက္ကဝတ္တိ**လို့ဆိုတဲ့ စကြဝတေးမင်းကြီး ဖြစ်ပါတယ်။ ထို စကြဝတေးမင်းကြီးဟာ စကြာမင်းရဲ့ ကျင့်ဝတ်စည်းကမ်းနှင့်အညီ တိုင်းပြည်ကို အုပ်စိုးခဲ့ကြပါတယ်။ တရားဥပဒေနှင့်အညီ တိုင်းသူပြည်သားများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တရားဥပဒေနှင့်အညီ တိုင်းသူပြည်သားများကို အကာအကွယ်ပေးခြင်း၊ တရားဥပဒေနှင့်အညီ တိုင်းသူပြည်သားများရဲ့ လုံခြုံရေးကို စီမံဆောင်ရွက်ပေးခြင်းဆိုတဲ့ အချက်(၃)ချက်ကို ပြည့်ပြည့်ဝဝ ဆောင်ရွက်ကြတယ်။

http://www.dhammadownload.com



မိမိတို့အုပ်စိုးတဲ့ နိုင်ငံအတွင်းမှာ တရားဥပဒေကို ဆန့်ကျင်တဲ့ လုပ်ရပ်မျိုးတွေ မဖြစ်ပေါ်ဖို့ ဆိုတာကို အလေးအနက်ထားပြီးတော့ ထိန်းသိမ်းစောင့်ရှောက်ကြပါတယ်။ **"မာ တေ တာတ ဝိဇိတေ အဓမ္မကာရော ပဝတ္တယိတ္ထ"** ငါ့သား၊ မင်းရဲ့နိုင်ငံမှာ ဥပဒေမဲ့လုပ်ရပ်တွေ၊ ဥပဒေနှင့်ဆန့်ကျင်တဲ့ ဖြစ်ရပ်တွေ မဖြစ်ပေါ်ရအောင် ထိန်းသိမ်းစောင့်ရှောက်ရမယ်လို့ တိုင်ပြည်အုပ်စိုးတဲ့ စကြဝတေးမင်းကြီးက မှာလေ့ရှိပါတယ်။

သည့်ထက် ထူးခြားတဲ့ စီမံဆောင်ရွက်ချက်တစ်ခုကတော့ အဲဒီခေတ်ကာလတုန်းက တိုင်းပြည်မှာ အလွန်ဆင်းရဲမွဲတေတဲ့ ပုဂ္ဂိုလ်တွေ မရှိရလေအောင် ဆိုပြီးတော့ စီမံချက်တစ်ခုရှိပါတယ်။ အဲဒီစီမံချက်က ဘာလဲလို့ ဆိုလို့ရှိရင် **"အဓနာနံ ဓန မနုပ္ပဒိတဗ္ဗံ"** ဓနကြေးငွေ မပြည့်စုံတဲ့ပုဂ္ဂိုလ်တွေကို ဘုရင့်ဘဏ္ဍာတော်ကနေ ထုတ်ပြီးတော့ ဓနကြေးငွေ ထောက်ပံ့ပေးတဲ့ကိစ္စဖြစ်ပါတယ်။ ထိုခေတ်ထိုအခါမှာ စားစရာမရှိအောင် ဆင်းရဲတဲ့ပုဂ္ဂိုလ်မျိုး မရှိအောင် ဘုရင်ကြီးက ဒါကို အလေးအနက်ထားပြီးတော့ ဆောင်ရွက်ပါ

http://www.dhammadownload.com



တယ်။ အခုနေ လို့ခေါ်တဲ့ နေကြေးငွေ မပြည့်စုံတဲ့ပုဂ္ဂိုလ် တွေကို "**ခနမနုပ္ပဒိတံ**" နေကြေးငွေတွေကို ထုတ်ပြီး တော့ပေးတယ်။ ထောက်ပံ့အကူအညီပေးတယ်။ အဲဒီ နည်းနဲ့ တိုင်းပြည်မှာ ငြိမ်းချမ်း သာယာပြီးတော့ ပြဿနာမရှိ ပကတိအေးချမ်းတယ်တဲ့။ တိုင်းပြည်ကြီး ဟာ နှစ်ပေါင်းရှည်ကြာစွာ လူ့လောက လူ့ကမ္ဘာမှာ တည်တံ့ခဲ့ပါတယ်။

အဲဒီလိုနဲ့ စကြဝတေးမင်းတွေဟာ တစ်ဆက်ပြီး တစ်ဆက် တိုင်းပြည်ကို အုပ်စိုးလာခဲ့ကြတာ ရွှေခေတ် လို့ ခေါ်နိုင်ပါတယ်။ အလွန်သာယာတဲ့ လူ့ပြည် လူ့ လောကကြီး၊ အလွန်သာယာငြိမ်းချမ်းတဲ့ လူ့လောက ကြီးမှာ လူတွေဟာ ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်လာခဲ့ ကြတယ်။

နောက် ရှစ်ဆက်မြောက် တိုင်းပြည်ကို အုပ်ချုပ် တဲ့ စကြဝတေးမင်းရဲ့ သားတော်တစ်ဦး လက်ထက်မှာ ပြဿနာတစ်ခု စ,လာခဲ့ပါတယ်။ ရှေးထုံးတမ်းစဉ်လာ အရ တရားဥပဒေနှင့်အညီ တိုင်းပြည်ကို ကာကွယ် ပေးတယ်၊ စောင့်ရှောက်တယ်။ တရားဥပဒေနှင့်အညီ

http://www.dhammadownload.com



လုံခြုံရေးကို စီမံဆောင်ရွက်ပေးတယ်။ တရားဥပဒေရဲ့ ဆန့်ကျင်ဘက်၊ တရားဥပဒေနှင့် ဆန့်ကျင်တဲ့ လုပ်ရပ်တွေ တိုင်းပြည်မှာမပေါ်အောင်ထိန်းသိမ်းစောင့်ရှောက်တယ်။

ဒီအချက်တွေနှင့် ပတ်သက်ပြီးတော့ အလေးအနက်ထားပြီး ဆောင်ရွက်ခဲ့သော်လည်း အဲဒီဘုရင်ရဲ့ လက်ထက်မှာ ဓနကြေးငွေမရှိတဲ့ ပုဂ္ဂိုလ်တွေကို ဓနကြေးငွေ ထောက်ပံ့ရမယ်ဆိုတဲ့ ဒီစည်းကမ်းချက်ကို မလိုက်နာခဲ့ပါဘူး။ ဒီစည်းကမ်းချက်ကို ဘုရင်ကြီးဟာ လိုက်နာဆောင်ရွက်မှု မပြုခဲ့ပါဘူး။ အဲဒီ မပြုခဲ့တဲ့ အတွက်ကြောင့် တိုင်းပြည်မှာ ဘာဖြစ်လာတုန်းဆိုတော့ ဓနကြေးငွေမရှိတဲ့ ပုဂ္ဂိုလ်တွေ တဖြေးဖြေး များလာတော့ ဆင်းရဲမွဲတေမှုတွေ ပေါ်လာတယ်။ ဆင်းရဲမွဲတေမှုကို “ဒါလိဒ္ဒိယ” လို့ခေါ်တယ်။ လူတွေဟာ စားဝတ်နေရေး မပြည့်စုံလို့ ဆင်းရဲလာကြတယ်။ အဲသည်ကို ဆင်းရဲတဲ့ လူတန်းစားတွေ ပေါ်လာပြီး တဖြေးဖြေး များလာတယ်။

http://www.dhammadownload.com



ထို ဆင်းရဲတဲ့ လူတန်းစားတွေကို ဒီဘုရင် လက်ထက်မှာ ထောက်ပံ့ကြေးမပေးသည့် အတွက် ကြောင့် ဆင်းရဲတဲ့လူတွေဟာ ပိုပိုပြီး ဆင်းရဲလာကြ တယ်။ ဆင်းရဲလာတော့ ဘာဖြစ်လာလည်းဆိုရင် ဆင်းရဲမှုတွေ တိုးပွားလေလေ အကျင့်ပျက်မှုများလာ လေလေ ဖြစ်လာတယ်။ လူတွေရဲ့အကျင့်ပျက်မှုတစ်ခု ဆင်းရဲမှုကနေ တွန်းပို့လို့ ဖြစ်ပေါ်လာတယ်။ ဘာလဲ လို့ဆိုရင် ဆင်းရဲလို့ စားစရာမရှိတဲ့အခါ သူတစ်ပါး ပစ္စည်းကို ခိုးယူတယ်ဆိုတဲ့ "အဒိန္နာဒါန" ဖြစ်မှုတစ်ခု လူ့လောကမှာ ပေါ်ထွန်းလာခဲ့ပါတယ်။

ဒီကနေ့ခေတ်မှာလဲပဲ ဆင်းရဲခြင်းက ရာဇဝတ်မှု တွေကို တိုးပွားစေတယ်ဆိုတဲ့ အယူအဆ တစ်ရပ်ဟာ ရှိပါတယ်။ (poverty engenders crime) ဆင်းရဲ မွဲတေမှုဟာ ရာဇဝတ်မှုကို ဖြစ်ပေါ်စေတယ်။ ဒါ လွန်ခဲ့တဲ့ နှစ်ပေါင်း(၂၅၀၀) နှစ်ထောင့်ငါးရာကျော်က မြတ်စွာဘုရားက ဒီအတိုင်းပဲ ဟောခဲ့တယ်။ "ဒါလိဒ္ဒိယံ ဝေပုလ္လံ ဂတေ အဒိန္နာဒါနံ ဝေပုလ္လံ မဂမိ" တဲ့။ ဆင်းရဲမွဲတေမှုတွေ များလာပြီဆိုလို့ရှိရင် ခိုးမှု၊

http://www.dhammadownload.com



လုယက်မှုတွေ လူ့လောကထဲမှာ ပေါ်ထွန်းလာလိမ့်မယ်။

အေး၊ ဒါကြောင့် ထိုဘုရင်ရဲ့လက်ထက်မှာ နေကြေးငွေမရှိတဲ့ ပုဂ္ဂိုလ်တွေကို နေကြေးငွေ ထောက်ပံ့ပေးတာ မလုပ်သည့်အတွက်ကြောင့် သူ့နိုင်ငံမှာ ခိုးမှုပေါ်လာပါတယ်။ လူတစ်ယောက်ဟာ သူများပစ္စည်းကို ခိုးတယ်၊ အားလုံးက ဝိုင်းပြီးတော့ သူများပစ္စည်းခိုးတဲ့ ပုဂ္ဂိုလ်ကို ဖမ်းပြီးတော့ ဘုရင်ကြီးဆီ ပို့ကြတယ်။ ပို့တော့ ဘုရင်ကြီးက စစ်မေးတယ် ...

"မင်း သူများပစ္စည်းခိုးတယ်ဆိုတာ ဟုတ်သလား"

ဘုရင်ကြီးက အဲဒီအချိန်မှာ ဒီပြဿနာကို ဘယ်လို ဖြေရှင်းတုန်းဆိုတော့ စားစရာမရှိလို့ ခိုးတယ်ဆိုရင် စားစရာရှိက ဒီလိုခိုးမှာမဟုတ်ဘူးဆိုပြီး ဘဏ္ဍာတော်ကနေပြီး ငွေကြေးမနေတွေ ခိုးမှုကျူးလွန်တဲ့ပုဂ္ဂိုလ်ကို ထုတ်ပေးတယ်။ ထုတ်ပေးပြီးတော့ ဆုံးမဩဝါဒပေးလိုက်တယ်။ မင်းကိုယ်တိုင်လဲစား၊ မင်းမိဘတွေ သားမယားတွေကိုလဲကျွေး၊ ဒီ နေကြေးငွေ အရင်းနှီးထားပြီး စီးပွားရေးလဲလုပ်၊ ကုသိုလ်ကောင်းမှုလဲလုပ်၊

http://www.dhammadownload.com



နောက် သူများပစ္စည်းမခိုးနဲ့လို့ ဆုံးမဩဝါဒ ပေးလိုက်ပါတယ်။

အဲဒီလိုပေးလိုက်တော့ ဘုရင်ကြီးရဲ့ စိတ်ထဲမှာ ဒီပြဿနာ ဒီမှာပဲရပ်လိမ့်မယ်လို့ အောက်မေ့တာ။ နောက်တစ်ယောက်ရဲ့ခိုးမှု ပေါ်လာပြန်တယ်။ ဒီလို ခိုးမှု ပေါ်လာပြန်တော့လည်းပဲ ဒီစီမံချက်အတိုင်းပဲ ဘဏ္ဍာတော်ကနေ ငွေကြေးထုတ်ပေး၊ နောက်မခိုးနဲ့ပေါ့။ ဒီနည်းနဲ့ တိုင်းပြည်မှာ ခိုးမှုတွေပျောက်သွားလိမ့်မယ်လို့ ဘုရင်ကြီးက ဒီလိုယူဆတယ်။ သို့သော် ဘုရင်ကြီးရဲ့ အယူအဆဟာ သူမမျှော်မှန်းတဲ့ဘက်ကနေပြီးတော့ ဘေးထွက်ဆိုးကျိုး(side effect) ဆိုတာ ပေါ်လာတယ်။

စောစောကသာ ဘုရင်ကြီးက ခနကြေးငွေမရှိတဲ့ ပုဂ္ဂိုလ်တွေကို ခနကြေးငွေ ထောက်ပံ့ပေးနေမယ်ဆိုလို့ရှိရင် ဒီလိုခိုးမှု ပေါ်မှာမဟုတ်ဘူး။ ခိုးမှုပေါ်လာတဲ့အခါကျမှ ခနကြေးငွေ ထုတ်ပေးတယ်ဆိုတော့ လူတွေရဲ့စိတ်ထဲမှာ ဘယ်လိုယူဆလာကြတုန်းဆိုတော့ ဘုရင်ကြီးက ခိုးလို့ ဆုချတယ်လို့ ဒီလို လူတွေက

http://www.dhammadownload.com



ထင်သွားတယ်။ ထင်သွားသည့် အတွက်ကြောင့် ထိုတိုင်းပြည်မှာ ခိုးမှုတွေက မရပ်ဘူး၊ ခိုးတဲ့သူ ဘုရင်က ပိုက်ဆံပေးပြီး လွှတ်တယ်၊ ခိုးရင် ဆုချခံရတယ်လို့ လူတွေရဲ့စိတ်ထဲမှာ ဒီလိုထင်သွားပြီး ခိုးမှုတွေဟာ တဖြေးဖြေး များသည်ထက် များလာတယ်၊ ရပ်မသွားဘူး။

အဲဒီလို ရပ်မသွားတော့ ဘုရင်ကြီးက ကဲ ဒီတိုင်းလုပ်နေလို့ မဖြစ်တော့ဘူး၊ ဒီပြဿနာတော့ ရှင်းမှပဲ။ နောက်တစ်ယောက် ခိုးမှုပေါ်လာတာနဲ့ ဘုရင်ကြီးက စီမံချက်ကို ပြောင်းလဲလိုက်တယ်။ ဒီတစ်ခါ ခိုးလာတဲ့ ပုဂ္ဂိုလ်ကို ဆုမချတော့ဘူး၊ သေဒဏ် အပြစ်ချမယ် ဆိုပြီး ခိုးမှုနှင့်ဖမ်းဆီးပြီး ဘုရင်ကြီးဆီ ပို့ခံရတဲ့သူကို ဘုရင်ကြီးက ခေါင်းဖြတ်ပြီး အသေသတ်စေ၊ ဒါမှ ခိုးမှုတွေ ကင်းသွားလိမ့်မယ်၊ နို့မဟုတ်ရင် ဒီခိုးမှုတွေ ဆက်ဖြစ်လိမ့်မယ်လို့ ဘုရင်ကြီးက ယူဆပြီး သေဒဏ် အမိန့်ချလိုက်တယ်။

ဒါနဲ့ အဲဒီခိုးတဲ့သူကို အင်မတန်ကြမ်းတမ်းပြီး ကြောက်စရာကောင်းတဲ့ စည်တီးပြီး ခေါင်းကို ပြောင်

http://www.dhammadownload.com



အောင်ရိတ်၊ လက်ပြန်ကြိုးတုပ်၊ တောင်စမုန်ကထုတ် ပြီးတော့ ထိုပုဂ္ဂိုလ်ကို ခေါင်းဖြတ်ပြီး အသေသတ် လိုက်တယ်။ ဒီခိုးမှုဆိုတဲ့ ရာဇဝတ်မှုကြီးဟာ အခုလို ရှင်းလိုက်လို့ရှိရင် လုံးဝပြတ်သွားလိမ့်မယ်လို့ ဘုရင်ကြီး က ယူဆတယ်။

ဒီမှာလည်း ဘေးထွက်ဆိုးကျိုး(side effect) တစ်ခု ပေါ်လာပြန်တယ်။ ခိုးမှုကျူးလွန်တဲ့ပုဂ္ဂိုလ်တွေရဲ့ စိတ် ထဲမှာ ဘာပေါ်လာတုန်းဆိုလို့ရှိရင် ဘုရင်ကြီးက ခိုးတဲ့ သူကို သတ်တယ်။ ဒို့လဲ သူများပစ္စည်းကိုယူတဲ့အချိန် ကတည်းက သူများကိုသတ်ဖြတ်ပြီး ပစ္စည်းကိုယူမယ် လို့ဆိုပြီး ဘာတွေလုပ်လာကြတုန်းဆိုတော့ လက်နက် တွေ ကိုင်လာကြတယ်။ လက်နက်တွေ လုပ်လာကြ တယ်။ လက်နက်ကိုင်စွဲကာ ပစ္စည်းယူ၊ လူသတ်ဆိုတဲ့ ရာဇဝတ်မှုတစ်မျိုး ထပ်ပြီးတော့ ပေါ်လာတယ်။

လက်နက်ကိုင်ထားတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်အိမ် ထဲကိုလဲ လုယက်ကြတယ်၊ ရွာထဲ ဝင်ရောက်ပြီး တိုက်ခိုက်လုယက်ကြတယ်၊ မြို့တွေကိုလဲ ဝင်ရောက် တိုက်ခိုက်လုယက်ကြတယ်၊ လက်နက်တွေ ကိုင်စွဲပြီး

http://www.dhammadownload.com



လမ်းဘေးမှာစောင့်ပြီးတော့လဲ လုယက်ကြတယ်ဆိုတဲ့ ရာဇဝတ်မှုတွေ တိုးပွားလာတယ်။ ဘုရင်ကြီးက ဒီလို အမြစ်ဖြတ်လိုက်လို့ရှိရင် ခိုးမှုတွေ ရပ်သွားလိမ့်မယ်လို့ ယူဆသော်လည်းပဲ ခိုးမှုဟာ ရပ်မသွားဘူး။

အဲဒီလိုနဲ့ လက်နက်တွေတို့၊ သူများအသက် သတ်မှုတွေတို့ တိုးလာတဲ့အခါမှာ လူ့လောကကြီး မှာ အေးချမ်းတည်ငြိမ်မှု မရှိတော့ဘူး။ မရှိတော့တဲ့ အတွက်ကြောင့် အနှစ် ရှစ်သောင်းတမ်းက ပုဂ္ဂိုလ် တွေရဲ့ နောက်တစ်ဆက် သားသမီးမျိုးဆက်တွေဟာ (next generation) မျိုးဆက်လူငယ်တွေရဲ့ အသက် ဟာ ကျဆင်းသွားတယ်။ တိုင်းပြည်ငြိမ်းချမ်းမှု မရှိသည့် အတွက်ကြောင့် အနှစ်ရှစ်သောင်း အသက်တမ်းရှိတဲ့ မိသားစုထဲက ကလေးတွေဟာ အနှစ် လေးသောင်း ထိအောင် ကျသွားတယ်။ သူတို့ရဲ့ သက်တမ်းသာမက ခန္ဓာကိုယ်ရဲ့ အသားအရေ ဖွံ့ဖြိုးမှုတွေဟာလည်း ကျဆင်းပြီးသွားတယ်။ ရှစ်သောင်းကနေပြီး လေးသောင်းပဲ အသက်ရှည်တော့တယ်။

http://www.dhammadownload.com



ဘာဖြစ်လို့တုန်း။ ရာဇဝတ်မှုတွေ များလာလို့ အနှစ် ရှစ်သောင်းတမ်းမှာ **"အဒိန္နာဒါန"** ဆိုတဲ့ ခိုးမှု ပေါ်လာတယ်။ ခိုးမှု ပေါ်လာသည့်အတွက်ကြောင့် လက်နက်တွေပေါ်လာတယ်။ လူတွေ ဆင်းရဲမွဲတေ တာက စတင်ပြီး ခိုးမှုတွေ ပေါ်လာတယ်။ ခိုးမှု ပေါ်တာကို အကြောင်းပြုပြီး လက်နက်တွေ ပေါ်လာ တယ်။ လက်နက်ပေါ်တာကို အကြောင်းပြုပြီးတော့ သတ်မှု ဖြတ်မှုဆိုတဲ့ **"ပါဏာတိပါတ"** တွေ ပေါ်လာ တယ်။ အဲဒီလို ပေါ်လာတဲ့အတွက်ကြောင့် အနှစ် လေးသောင်းထိအောင် ကျဆင်းပြီးတော့ သွားပါ တယ်။

## လေးသောင်းတမ်း

အနှစ်လေးသောင်း ရောက်တဲ့အခါကျတော့ လူ့ လောကကြီးမှာ ဒုစရိုက်မှုတွေက ရပ်မသွားဘူး။ ထပ်ပြီးတိုးလာတယ်။ ယခင်က သူများပစ္စည်းခိုးတဲ့ ပုဂ္ဂိုလ်တွေဟာ ခိုးရင်ခိုးတယ်လို့ ဖြောင့်ချက်ပေး ကြပေမယ့် အခု မပေးတော့ဘူး။ ခိုးတဲ့ပုဂ္ဂိုလ်တွေကို

http://www.dhammadownload.com



ဖမ်းပြီး ဘုရင်ကြီးဆီပို့တဲ့အခါ ဘုရင်ကြီးက စစ်မေးတယ်။ မင်း သူများပစ္စည်းခိုးတယ်ဆိုတာ ဟုတ်သလား။ မဟုတ်ရပါဘူးတဲ့။ လိမ်လည်မှုဆိုတဲ့ "မုသာဝါဒ" ပေါ်လာတယ်။ အဲဒီလိမ်လည်မှု"မုသာဝါဒ"ပေါ်လာတဲ့အခါ မကောင်းမှုဒုစရိုက်တွေဟာ ပိုပိုပြီးများလာသည့်အတွက်ကြောင့် လူတွေဟာ အနှစ်လေးသောင်းတမ်းအသက်ကနေပြီးတော့ အနှစ်နှစ်သောင်းထိအောင် ကျဆင်းသွားတယ်တဲ့။

## နှစ်သောင်းတမ်း

အနှစ်လေးသောင်း အသက်ရှည်တဲ့ ပုဂ္ဂိုလ်တွေရဲ့ သားသမီးတွေဟာ အနှစ်နှစ်သောင်းပဲ အသက်ရှည်တော့တယ်။ ရှစ်သောင်းကနေ လေးသောင်းအထိ ကျလာတယ်။ လေးသောင်းကနေ နှစ်သောင်းအထိ ကျသွားပြီး အဲဒီ နှစ်သောင်းတမ်း ရောက်တဲ့အခါ ဒုစရိုက်မှုတစ်ခု ထပ်တိုးလာတယ်။

ဘာတိုးလာလဲဆိုရင် လူတစ်ယောက် ခိုးမှုကျူးလွန်တာနဲ့တစ်ပြိုင်နက်ထဲ သွားပြီးတော့ တိုင်တာ

http://www.dhammadownload.com



တွေ တောတာတွေ၊ မဟုတ်တန်းတရားပြောတာတွေ **"ဝိသုဏာဝါစာ"** ဆိုတဲ့ ဂုံးချောတဲ့စကားမျိုးတွေ ပြောလာတာတွေ တိုးလာပါတယ်။ အဲဒီလို တိုးလာသည့်အတွက်ကြောင့် **"ဝိသုဏာဝါစာ"** ဂုံးတိုက်တဲ့စကားတွေ ပြောလာတဲ့အခါ လူသားတွေရဲ့သက်တမ်းတို့၊ လူတွေရဲ့ အသားအရေတို့ ဒါတွေဟာ လျော့ကျသွားပြီးတော့ လူတွေဟာ အနှစ် နှစ်သောင်း ကနေပြီးတော့ တစ်သောင်းထိအောင် သက်တမ်း ကျဆင်းပြီးတော့ သွားတယ်။

ဒီနေရာမှာ ပထမဆုံးလုပ်ရမယ့် လုပ်ငန်းတစ်ခုကို မလုပ်ဘဲနှင့် (neglect) ဖြစ်သွားသည့် အတွက်ကြောင့် ပြဿနာတွေဟာ ဖြေရှင်းလို့မရအောင် တစ်ခုပြီးတစ်ခု တက်လာလိုက်ပုံဟာ ဒီသုတ္တန်မှာ ထင်ရှားပါတယ်။

## တစ်သောင်းတမ်း

လူတွေဟာ တစ်သောင်းတမ်း ရောက်လာတဲ့အခါကျတော့ တစ်သောင်းတမ်းမှာ ဘာပေါ်လာသေးလဲ

http://www.dhammadownload.com



ဆိုတော့ လူတွေမှာ လှတာ မလှတာ ကွဲပြားလာတယ်။ လှတဲ့လူကလှ၊ မလှတဲ့လူက မလှဘူး။ တစ်ဦးနှင့်တစ်ဦး ရုပ်အဆင်းဟာ အင်မတန်မှ ကွာခြားလာတယ်။

ဟိုရှေးယခင်တုန်းက တစ်ဦးနှင့်တစ်ဦး သိပ်ပြီးတော့ ကွာခြားမှုမရှိဘူး။ တစ်သောင်းတမ်း ရောက်လာတဲ့အခါကျတော့ လှသူနှင့် မလှသူဆိုတာ ဒီနှစ်ခု ကွာခြားလာတယ်။ အဲဒီလို ကွာခြားလာသည့်အတွက်ကြောင့် လှတဲ့ပုဂ္ဂိုလ်ကို မလှတဲ့ပုဂ္ဂိုလ်က အဘိဇ္ဈာလို့ခေါ်တဲ့ လောဘစိတ်တွေဝင်လာတယ်။ ဝင်လာပြီးတော့ ဘာပြဿနာတက်လာတုန်းဆိုတော့ ကာမဂုဏ်ကိစ္စတွေမှာ မှားမှားယွင်းယွင်း ကာမေသုမိစ္ဆာစာရဆိုတဲ့ ပြစ်မှုတွေ ကျူးလွန်လာတယ်။ အဲဒီလိုကျူးလွန်လာတာနဲ့ တပြိုင်နက် လူတွေရဲ့ သက်တမ်းဟာ ဒုစရိုက်တရားတွေ များများထွန်းကားလာသည့်အတွက်ကြောင့် လျော့ကျလာလိုက်တာ တစ်သောင်းတမ်းကနေပြီးတော့ ငါးထောင်တမ်းအထိ ရောက်သွားတယ်။

http://www.dhammadownload.com



## ငါးထောင်တမ်း

အဲလိုငါးထောင်တမ်း ရောက်သွားတဲ့အခါမှာ လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် ဆဲကြတယ်၊ ကြမ်းကြမ်းတမ်းတမ်းတွေပြောလာကြတယ်။ အဓိပ္ပာယ်မရှိတဲ့စကားတွေ ပြောလာကြတယ်။ "**ဖရုသဝါစာ၊ သမ္ဖပ္ပလာပ**"ဆိုတဲ့ စကားမျိုးတွေ ထွန်းကားလာတယ်။ အဲဒီလို ထွန်းကားလာတဲ့အခါကျတော့ ငါးထောင်တမ်းကနေတစ်ခါ လူ့ရဲ့အသက်တမ်းဟာ လျော့ကျသွားတာ နှစ်ထောင့်ငါးရာတမ်းအထိ ကျဆင်းသွားပါတယ်။

## နှစ်ထောင့်ငါးရာတမ်း

အဲဒီလို နှစ်ထောင့်ငါးရာတမ်း အထိအောင်ကျဆင်းသွားတဲ့အခါ ဘာတွေ ပေါ်လာပြန်တုန်းဆိုတော့ လူ့သက်တမ်း နှစ်ထောင့်ငါးရာတမ်းမှာ **အဘိဇ္ဈာ**လို့ခေါ်တဲ့ သူများပစ္စည်းကိုမှ လိုချင်တဲ့ ဝိသမလောဘမျိုးတွေ ပေါ်လာတယ်။ သူများပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်လိုမှု မတရားတဲ့လောဘတွေ၊ သူများပစ္စည်းကို ရလိုမှုဆိုတာတွေ ဒီဆိုးဝါးတဲ့ စိတ်နေစိတ်ထားတွေ

http://www.dhammadownload.com



ဟာ လူ့လောကမှာ ဝင်ရောက်ပြီးတော့လာတယ်။ ဒါတင်မကသေးဘူး၊ "ဗျာပါဒ" လို့ဆိုတဲ့ တစ်ယောက်နှင့်တစ်ယောက် မုန်းတီးမှုတွေလည်းပဲ လူ့လောကမှာ များလာတယ်။

အဲဒီလို များလာသည့်အတွက်ကြောင့် အဘိဇ္ဈာ တရားတွေ၊ ဗျာပါဒ တရားတွေ လူ့ရဲ့စိတ်တွေထဲမှာ ဖြစ်ပွားမှု အားကောင်းလာတာနဲ့ တစ်ပြိုင်နက်တည်း လူတွေရဲ့သက်တမ်းဟာ ယုတ်လျော့လာတယ်။ ခန္ဓာကိုယ်ရဲ့ အဆင်းအရောင်တွေလည်းပဲ ယုတ်လျော့လာတယ်။ ဒါနဲ့ လူ့သက်တမ်းဟာ နှစ်ထောင့်ငါးရာတမ်းကနေပြီးတော့ တစ်ထောင်တမ်းအထိအောင်ကျဆင်းသွားပါတယ်။

## လူ့သက်တမ်း

အခုလို ဒုစရိုက်တွေလုပ်တာနှင့် လူ့ရဲ့သက်တမ်းဟာ ဘာကြောင့်လျော့ကျရသလဲ? ကြောင်း၊ ကျိုးဆီလျော်မှု ရှိရဲ့လားလို့ စဉ်းစားကောင်း စဉ်းစားမိကြပါလိမ့်မယ်။ လူနဲ့ ပြင်ပကမ္ဘာဆိုတာ အမြဲတမ်းဆက်စပ်

http://www.dhammadownload.com



ပြီးတော့ နေတာပါ။ လူတွေရဲ့စိတ်ပိုင်းဆိုင်ရာကျဆင်းသွားတာနဲ့တစ်ပြိုင်နက် ဘာတွေကို သွားထိခိုက်သလဲ ဆိုလို့ရှိရင် ရာသီဥတုကို သွားထိခိုက်ပါတယ်။ လူတွေရဲ့ စိတ်ဓာတ်ပေါ်မှာမူတည်ပြီးတော့ ရာသီဥတုတွေ ဖောက်ပြန်လာတယ်။

လူတွေ စိတ်ဖောက်ပြန်တာကို အကြောင်းပြုပြီး ရာသီဥတုတွေဖောက်ပြန်လာတယ်။ ထိုအခါ ရာသီဥတုတွေပေါ်မှာမှီပြီး စိုက်ပျိုးရတဲ့သီးနှံတွေ၊ သီးပင်စားပင်တွေမှာ အဆီဩဇာတွေ ယုတ်လျော့သွားတယ်။ မကောင်းတဲ့ ရာသီဥတုကိုမှီပြီး ပေါက်လာရတဲ့ သီးနှံတွေမှာ အဆီဩဇာတွေ ယုတ်လျော့သွားသည့်အတွက်ကြောင့် ထိုအဆီဩဇာ ယုတ်လျော့သွားတဲ့ အာဟာရတွေကို စားသုံးရတဲ့ လူတွေရဲ့သက်တမ်းဟာ ကျပြီးတော့သွားတာပါ။

ဒါကြောင့်မို့လို့ လူ့လောကမှာ ကံတရားသာ အဓိကမဟုတ်ပါဘူး၊ လူတွေ လူ့ဘဝရောက်ရှိလာတဲ့ အခါမှာ အသက်ရှည်မှု၊ အသက်တိုမှု ဆိုတဲ့အရာကို ဥတုနဲ့အာဟာရက အဆုံးအဖြတ်ပေးပါတယ်။ "ဥတုနှာ

http://www.dhammadownload.com



ဘောဇနေန အာယု ဟာယတိပိ ဝနှတိပိ” ဥတုနှင့် အာဟာရသည် လူတွေရဲ့သက်တမ်းကို ယုတ်လျော့စေတယ်၊ တိုးလဲတိုးစေတယ်။ အဲဒီဥတုကို ဘယ်သူက နေပြီးတော့ ထိန်းချုပ်နေသလဲ။ control လုပ်နေသလဲ ဆိုရင် လူတွေရဲ့ ကံကြမ္မာတွေက ထိန်းချုပ်၊ control လုပ်နေတာပါ။

လူတွေရဲ့သန္တာန်မှာ ကောင်းတဲ့စိတ်တွေမွေးလို့ ရှိရင် ရာသီဥတုတွေဟာ ကောင်းမွန်လာတယ်။ လူတွေရဲ့ စိတ်ထဲမှာ မကောင်းတာတွေ မွေးလာလို့ရှိရင် ရာသီဥတုတွေဟာ ဖောက်ပြန်လာတယ်။ သက်ရှိကမ္ဘာနှင့် သက်မဲ့ပြင်ပကမ္ဘာတို့ဟာ အမြဲတမ်း တစ်ခုနှင့်တစ်ခု ဆက်စပ်ပြီးတော့နေတာပါ။ ဒါကြောင့်မို့လို့ လူတွေ အကျင့်စာရိတ္တပျက်တာကို အကြောင်းပြုပြီး ရာသီဥတုတွေ ပျက်ပြားလာတယ်။ ရာသီဥတုပျက်ပြားတာကို အကြောင်းပြုပြီး ရာသီဥတုကိုမှီပြီး စိုက်ပျိုးကြရတဲ့ သီးနှံတွေမှာ အဆီဩဇာ ယုတ်လျော့တယ်။ ဒီလိုဖြစ်တာ။

http://www.dhammadownload.com



ဒီအဆီဩဇာယုတ်လျော့တဲ့ သီးနှံတွေ စားရတဲ့ အခါ ထိုသီးနှံတွေရဲ့ စွမ်းအင်သတ္တိ အာဟာရဓာတ်တွေဟာ လူ့ရဲ့သက်တမ်းကို ရှည်အောင်မထိန်းနိုင်တော့ဘူးတဲ့။ ဒါကြောင့်မို့လို့ လူတွေရဲ့ ကံကြမ္မာ အလျောက် သက်တမ်းတွေဟာ တဖြည်းဖြည်းနှင့် အခုလိုကျဆင်းသွားတာဖြစ်ပါတယ်။ အဲဒီမှာ လူတွေဟာ ရှစ်သောင်းတမ်းကနေ တဖြည်းဖြည်းပဲ ဆုတ်ယုတ်လာလိုက်တာ မျိုးဆက် generation တစ်ခုပြီးတစ်ခု ဆုတ်ယုတ်လာလိုက်တာ နှစ်ပေါင်းတော်တော်ကြာလာတဲ့အခါ လူ့ရဲ့သက်တမ်းဟာ တစ်ထောင်တမ်းအထိအောင် ကျလာတယ်။

## တစ်ထောင်တမ်း

အဲဒီတစ်ထောင်တမ်း ရောက်တဲ့အခါ ဘာဖြစ်လဲဆိုတော့ လူတွေမှာ အယူအဆကွဲပြားမှုတွေ များလာတယ်။ မှားယွင်းတဲ့အယူအဆတွေ တွေးတောပြီးတော့ ယုံကြည်လက်ခံလာကြတယ်။ အေး၊ လောကမှာ ကုသိုလ်ဆိုတာ မရှိပါဘူး။ ကုသိုလ်လုပ်လို့ ကုသိုလ်ရဲ့

http://www.dhammadownload.com



အကျိုးတရားဆိုတာ မရှိပါဘူး။ အကုသိုလ်ဆိုတာလည်း မရှိပါဘူး။ အကုသိုလ်ရဲ့ အကျိုးတရားဆိုတာလည်း မရှိပါဘူး။ တမလွန်လောက နောက်ဘဝဆိုတာလည်း မရှိဘူးဆိုတဲ့ အမှန်တရားကို ငြင်းပယ်တဲ့ အယူဝါဒတွေ "**နတ္ထိက**" လို့ခေါ်တဲ့ ကံ,ကံရဲ့ အကျိုးတရားကို ငြင်းပယ်တဲ့ဝါဒတွေ လူ့လောကမှာ ထွန်းကားလာတယ်။ လူတွေကဒါကို philosophy လို့ခေါ်ပါတယ်။ မှန်ကန်တဲ့ အယူအဆတစ်ရပ်ကို ပြောင်းပြန်မြင်လာတယ်။ စာလိုပြောရရင်တော့ "**မိစ္ဆာဒိဋ္ဌိ**" မိစ္ဆာအယူဝါဒတွေ လူ့လောကကြီးကို လွှမ်းမိုးလာတယ်ပေါ့။

အဲဒီလို လွှမ်းမိုးလာတာကို အကြောင်းပြုပြီးတော့ ရာသီဥတုတွေပျက်ပြားဆုတ်ယုတ်လို့ တစ်ထောင်တမ်း အသက်ရှည်တဲ့ လူသားတွေရဲ့ သားသမီးမျိုးဆက်တွေကျတော့ တစ်ထောင်ကနေ လျော့ကျသွားတာ ဘယ်အထိ ရောက်သွားတုန်းဆိုတော့ ငါးရာတမ်း အထိအောင် ကျသွားတယ်။ လူ့ရဲ့သက်တမ်းဟာ အနှစ်ငါးရာတမ်း ရောက်သွားပြီ။

http://www.dhammadownload.com



## ငါးရာတမ်း

ကြည့်လေ၊ ရှစ်သောင်းတမ်းကနေပြီးတော့ စလာတဲ့ ဒုစရိုက်တွေဟာ အနှစ်တစ်ထောင်တမ်းရောက်တဲ့အခါ လူ့လောကမှာ ဒုစရိုက်(၁၀)ပါးစလုံး ပြည့်သွားတယ်။ ဒုစရိုက်(၁၀)ပါးစလုံး ကုန်သွားပြီး ဘေးထွက်ဆိုးကျိုး side effect တွေ တစ်ခုပြီးတစ်ခု တက်လာတာ ပြဿနာက ဖြေရှင်းလို့မရဘူး။ နှစ်တစ်ထောင်ထိအောင် သက်တမ်းတွေ လျော့ကျလာတယ်။ အဲဒီအနှစ်တစ်ထောင်တမ်းကနေတစ်ခါ အခု ငါးရာတမ်းအထိအောင် လျော့ကျလာတယ်။

ရပ်သွားသလား၊ မရပ်ဘူး။ ဒုစရိုက်တွေဟာ ဆက်လက်ထွန်းကားနေသည့်အတွက်ကြောင့် အနှစ်ငါးရာတမ်းရောက်တဲ့အခါကျတော့ အင်မတန်မှဆိုးဝါးတဲ့ အတွေးအခေါ်၊ အယူအဆတွေ၊ စိတ်နေစိတ်ထားတွေဟာ ပေါ်ပေါက်လာပြန်တယ်။

ဘာတွေလဲဆိုလို့ရှိရင် “အဓမ္မရာဂ” တဲ့။ အဓမ္မရာဂ ဆိုတာ တရားနည်းလမ်းနှင့် သဘာဝကိုဆန့်ကျင်တဲ့ တဏှာရာဂစိတ်တွေ ပေါ်လာတာ။ ဘယ်လို

http://www.dhammadownload.com



သဘာဝကိုဆန့်ကျင်တဲ့ တဏှာရာဂစိတ်တွန်းဆိုတော့ သားသမီးနှင့်မိဘ ဆိုပါတော့။ သားက အမေကိုပြန်ပြီးတော့ ကာမစိတ်တွေဖြစ်လာတယ်။ အဖေက သမီးကို ကာမစိတ်တွေ ဖြစ်လာတယ်။ ညီအစ်ကို မောင်နှမ အချင်းချင်း ကာမစိတ်တွေ ဖြစ်လာတယ်။ မဖြစ်သင့် မဖြစ်ထိုက်တာတွေ ဖြစ်လာတယ်။ မိသားစုထဲမှာ သဘာဝကို ဆန့်ကျင်လာတဲ့ တဏှာရာဂတွေပေါ်လာတယ်တဲ့။ အဲဒါကို အဓမ္မရာဂ လို့ခေါ်တယ်။ လိင် (sex) နှင့် ပတ်သက်တဲ့ အရာတွေဟာ အင်မတန်မှ ဆိုးဝါးလာတယ်။

လူတွေရဲ့ သက်တမ်းငါးရာ မှာ နောက်တစ်ခုက **"ဝိသမလောဘ"**၊ **ဝိသမလောဘ** ဆိုတာ ရှိသင့်တာထက်ပိုတဲ့ ကာမစိတ်တွေဟာ ပိုများလာတယ်လို့ ဆိုတယ်။ ဇနီးမောင်နှံအချင်းချင်းတောင်မှပဲ ရှိသင့်တာထက်ပိုလာတဲ့ တဏှာရာဂစိတ်တွေ များလာတာကို **"ဝိသမလောဘ"** လို့ ဒီနေရာမှာဆိုတယ်။

နောက်တစ်ခုက **"မိစ္ဆာဓမ္မ"** တဲ့။ wrong practice ပေါ့။ အဲဒါက ဘာတုန်းလို့ဆိုတော့ ဒီကနေ့ခေတ်

http://www.dhammadownload.com



သိနေကြတဲ့ homosexuality ပေါ့။ လိင်တူချင်းဆက်ဆံတဲ့ ကာမစိတ်တွေ ထွန်းကားလာတယ်။ အဲဒီအချိန် လူ့လောကမှာ ဒီ homosexuality ဆိုတာ လူတွေရဲ့ သက်တမ်း နှစ်ငါးရာကစပြီးတော့ ပေါ်လာတာပါ။ အခုမှပေါ်တာ မဟုတ်ဘူး။

အဲဒီ homosexuality ပေါ်လာသည့်အတွက်ကြောင့် ကျား ကျားချင်း၊ မ မချင်း ဆိုတာလို ကမ္ဘာ့ရိုးရာမဟုတ်တဲ့ ကာမစိတ်တွေ လူတွေရဲ့သန္တာန်မှာ ဖြစ်ပေါ်ပြီးတော့လာတယ်။ ဒီကနေ့ခေတ်မှာ ဆိုလို့ရှိရင် ဒါတွေဟာ အထွတ်ထိပ်ရောက်နေတယ်လို့ ဆိုရမယ်။ တချို့နိုင်ငံတွေမှာဆိုရင် ကျား ကျားချင်း၊ မ မချင်း လက်ထပ်ခွင့်တွေ ပြုထားပြီးပါပေလို့ခေါ်တဲ့ ပုဂ္ဂိုလ်တွေရဲ့ အဖွဲ့အစည်း တရားဝင်အဖြစ် တည်ထောင်လာကြတယ်။ homosexuality ကို တရားဝင်ဖြစ်အောင်၊ တကယ့် ပင်ကိုယ်သဘာဝတရားအဖြစ် လက်ခံလာအောင် ကြိုးစားလာကြတယ်။

ဪ၊ ဒီကိစ္စတွေဟာ လွန်ခဲ့တဲ့ လူတွေရဲ့ သက်တမ်း အနှစ်ငါးရာတုန်းက စပြီး ပေါ်လာတာပါ။

http://www.dhammadownload.com



အခုမှပေါ်တာ မဟုတ်ပါဘူး။ မြတ်စွာဘုရားက အင်္ဂုတ္တရနိကာယ် "ပလောကသုတ်" မှာ ဟောထားပါတယ်။ ပလောကဆိုတာ ပျက်စီးခြင်းလို့ အဓိပ္ပာယ်ရတယ်။ ပုဏ္ဏားကြီးတစ်ယောက်က မြတ်စွာဘုရားကို လျှောက်ဖူးတယ်။ အရှင်ဘုရား၊ တပည့်တော်ကြားဖူးတာ ရှေးယခင်တုန်းက ဟောဒီ လူ့ပြည်လောကကြီးဟာ သိပ်ပြီးတော့ သာယာအေးချမ်းတယ်။ မြို့တွေ ရွာတွေဟာလည်းပဲ ကြက်ပျံမကျ စည်ကားတယ်လို့ တပည့်တော်ကြားဖူးတယ်။ အခုကျတော့ လူနေအိမ်တွေ အင်မတန်ကျဲပြီး မြို့ပျက်ကုန်းတွေ၊ ရွာပျက်ကုန်းတွေ ပေါ်လာတယ်။ ဒီလို လူတွေပျက်စီးရတာဟာ ဘာကြောင့်ပါလဲ။

အဲဒီလိုမေးတော့ အဲဒီသုတ္တန်မှာ မြတ်စွာဘုရားက ဒီတရားသုံးပါးကို ဟောထားပါတယ်။ အေး၊ လူ့လောကမှာ "**အဓမ္မရာဂ**" လို့ခေါ်တဲ့ မဖြစ်သင့်၊ မဖြစ်ထိုက်တဲ့ တဏှာစိတ်တွေ၊ "**ဝိသမလောဘ**" ဆိုတဲ့ အလွန်အကျွံဖြစ်တဲ့ တဏှာစိတ်တွေ၊ "**မိစ္ဆာဓမ္မ**" လို့ခေါ်တဲ့ ကျား ကျားချင်း၊ မ မချင်း လိင်ဆက်ဆံချင်တဲ့

http://www.dhammadownload.com



စိတ်တွေ၊ ဒီစိတ်မျိုးတွေကြောင့်မို့လို့ လူ့လောကကြီးမှာ ကိုယ်ကျင့်တရားတွေ ပျက်လာတယ်။ ပျက်လာသည့်အတွက်ကြောင့် ရာသီဥတုတွေပျက်တယ်။ ရာသီဥတုတွေ ပျက်သည့်အတွက်ကြောင့် ကပ်ဆိုက်ပြီးတော့ လူတွေရဲ့သက်တမ်းဟာ တိုလာရတယ်။ ဒါကြောင့်မို့လို့ လူ့လောကမှာ ဒုဗ္ဘိက္ခန္တရကပ်တွေ ဖြစ်လာလို့ အစာရေစာခေါင်းပါးတယ်၊ ငတ်မွတ်တယ်။ ဒုဗ္ဘိက္ခန္တရကပ်ကို အကြောင်းပြုပြီးတော့ ရောဂါတွေဖြစ်လာရတယ်။ ရောဂါတွေဖြစ်လို့ လူတွေသေဆုံးမှု များလာတယ်။ မမြင်ရတဲ့အန္တရာယ်တွေ ပါဝင်လာတယ်လို့ မြတ်စွာဘုရားက အဲဒီသုတ္တန်မှာလည်း ဟောထားတာ ရှိပါတယ်။ အဲတော့ ဒီကနေ့ခေတ်အခါမှ ဒီ homosexuality ဆိုတာ ပေါ်လာတာမဟုတ်။ ရှေးတုန်းကတည်းက ပေါ်လာတာ။

ဘုန်းကြီးတို့နိုင်ငံခြားမှာနေတုန်းက နိုင်ငံတစ်နိုင်ငံမှာ သတင်းစာထဲ ဖတ်လိုက်ရတယ်။ အဲဒီနိုင်ငံမှာ ယောက်ျားကလေး ပြည့်တန်ဆာ သုံးထောင်ထိအောင်ရှိတယ်လို့။ သူတို့နိုင်ငံမှာ ယောက်ျားလေးတွေ ဟိုတယ်

http://www.dhammadownload.com



ကို မသွားရဘူးဆိုပြီးတော့ တားမြစ်ထားရတာတွေ တောင်မှ ကြားခဲ့ရတယ်။ အဲတော့ ဒီကိစ္စတွေများများ ဖြစ်လာလေ လူ့လောကကြီးမှာ ရောဂါဘယတွေ ပေါ်များလာလေ၊ ရောဂါဘယတွေ ပေါ်လာပြီးတော့ သက်တမ်းတွေဟာ ဆုတ်ယုတ်လာတာ ဖြစ်ပါတယ်။

## နှစ်ရာတမ်း

ဒါကြောင့်မို့လို့ လူတွေရဲ့ သက်တမ်းအနှစ်ငါးရာ တမ်းမှာ ဟောဒီ sex နဲ့ပတ်သက်တဲ့ တရားသုံးမျိုး ထွန်းကားလာတာနဲ့တစ်ပြိုင်နက်တည်း လူ့ရဲ့အသက် တွေဟာ အနှစ်ငါးရာတမ်းကနေပြီးတော့ နှစ်ရာ့ ငါးဆယ်၊ နှစ်ရာတမ်းထိအောင် လျော့ကျသွားပါတယ် တဲ့။

အဲဒီလို လျော့ကျသွားတဲ့အခါမှာ လူ့လောကမှာ ဘာတွေ ပေါ်လာပြန်တုန်းဆိုတော့ အမေကို ထော်လော်ကန့်လန့်ပြောတာတွေ၊ အဖေကို ထော်လော်ကန့်လန့်ပြောတာတွေ၊ ဆွေထဲမျိုးထဲက ဦးကြီး၊ ဦးလေး၊ ကြီးဒေါ်၊ ဒေါ်ဒေါ်စတဲ့ လေးစားရမယ့်ပုဂ္ဂိုလ်

http://www.dhammadownload.com



တွေကို အလေးအမြတ်မပြုတာတွေ၊ ဘာသာရေးနှင့် ပတ်သက်တဲ့ သူတော်ကောင်းတွေကို ပြစ်မှားစော်ကား တာတွေ၊ ဒီကိစ္စရပ်တွေ ပေါ်လာတယ်တဲ့။

မိဘကို မလေးစားတာတွေ၊ လေးစားရမယ့်ပုဂ္ဂိုလ် တွေကို မလေးစားတာတွေ၊ ဒီလို လူ့လောကမှာ ထော်လော်ကန့်လန့် လုပ်တာတွေ၊ အသက် နှစ်ရာ့ ငါးဆယ်တမ်းမှာ ပေါ်လာသည့်အတွက်ကြောင့် လူတွေ ရဲ့သက်တမ်းဟာ ထပ်မံပြီးတော့ ကျဆင်းသွားလိုက် တာ အသက်တစ်ရာတမ်းအထိအောင် ရောက်ရှိလာခဲ့ ပါတယ်။

## တစ်ရာတမ်း

အဲဒီအသက်တစ်ရာတမ်း ရောက်လာတဲ့အချိန် လောကမှာ ဂေါတမမြတ်စွာဘုရား ထင်ရှားပွင့်လာ တယ်ဆိုတာ အားလုံး ဗုဒ္ဓဘာသာဝင်တွေ သိတဲ့ အတိုင်းပဲ။ ဂေါတမ မြတ်ဘုရားဟာ ဒုစရိုက်တွေ အားလုံးစုံပြီးတော့ ကိုယ်ကျင့်တရားတွေ အလွန် ပျက်ပြားနေတဲ့အချိန်မှာ ပွင့်လာရတာ ဖြစ်ပါတယ်။

http://www.dhammadownload.com



ဒါကြောင့်မို့လို့ ထိုခေတ်အခါကို "ယုဂ" လေးပါးနဲ့ ကြည့်မယ်ဆိုရင် "ယုဂ" ဆိုတဲ့ နှစ်အပိုင်းအခြားကြီးနဲ့ တွက်ကြည့်မယ်ဆိုလို့ရှိရင် "ကလိယုဂ" လို့ ခေါ်တဲ့ အင်မတန်မှဆိုးဝါးတဲ့ ခေတ်ကြီးထဲမှာ ဂေါတမ မြတ်စွာဘုရားပွင့်တာ။

ကလိယုဂ် ဆုတ်ကပ်ကာလမှာ ဂေါတမ မြတ်စွာဘုရားပွင့်လို့ အဋ္ဌကထာကျမ်းကြီးတွေကို ဖွင့်ဆိုတဲ့ ဋီကာဆရာကြီးတွေက ဘယ်လိုတင်စားပြီးတော့ ပြောတုန်းဆိုလို့ရှိရင် "**ဂေါတမမြတ်စွာဘုရား ပွင့်လာတာဟာ မီးပုံထဲကပွင့်လာတဲ့ ကြာပန်း**"ပါတဲ့။ အဲဒီတော့ မီးနှင့်ကြာ ဆိုတာက အတူနေလို့ရကောင်းတဲ့ဟာမှ မဟုတ်ဘဲ။ ဘုရားပွင့်က မီးပုံထဲကပွင့်ရတာ။ ရေထဲကပွင့်တာ မဟုတ်ဘူး။ ဒီလို တင်စားပြီးတော့ ရေးထားကြတယ်။ "**မီးပုံထဲကပွင့်လာတဲ့ ကြာပန်းကြီး**" တဲ့။

ဂေါတမမြတ်စွာဘုရားကို ဘာဖြစ်လို့ မီးပုံထဲက ပွင့်လာတဲ့ ကြာပန်းကြီးလို့ ပြောရတုန်း ဆိုလို့ရှိရင် တကယ့်ခေတ်ဆိုးထဲ ပွင့်လာလို့ပါ။ ဘယ်လောက်ထိ အောင် ဆိုးတုန်းဆိုတော့၊ ဥပမာ-လေးချောင်းထောက်

http://www.dhammadownload.com



စားပွဲကြီးမှာ ခြေထောက်လေးချောင်းလုံး စုံနေတဲ့ အချိန် ချထားလိုက်ရင် ငြိမ်နေတာပဲ။ ရွှေခေတ်မှာ လူတွေဟာ အားလုံး လေးပုံပုံ လေးပုံလုံး လူကောင်းကြီးပဲ။ အကုန်လုံး သာယာငြိမ်းချမ်းတယ်။

အေး၊ အဲဒီကနေပြီး ခြေထောက်လေးချောင်းမှ တစ်ချောင်းကျိုးသွားလို့ စားပွဲကြီးဟာ နည်းနည်းလှုပ်လာသလို လူလေးပုံမှာ တစ်ပုံလောက်က အကျင့်ပျက်လာပြီဆိုလို့ရှိရင် မငြိမ်တော့ဘူး။ နောက်တစ်ခု လေးချောင်းထောက်စားပွဲမှ နောက်ခြေထောက်တစ်ချောင်းထပ်ပြီးတော့ ကျိုးသွားပြီး ခြေထောက်နှစ်ချောင်းထဲနှင့် ဆိုလို့ရှိရင် စားပွဲကြီးဟာ စောင်းသွားပြီ။

အဲဒီထဲမှာ နောက်တစ်ချောင်းထပ်ပြီးကျိုးလိုက်တဲ့ အခါကျတော့ စားပွဲကြီးဟာ တစ်ချောင်းထဲထောက်နေရတဲ့ အခြေအနေမျိုးလို လူတွေ လေးပုံမှာ သုံးပုံက အကျင့်ပျက်နေတဲ့ အချိန်မျိုးမှာ ဂေါတမဘုရား ပွင့်တော်မူလာရတာဖြစ်တယ်။ ဒီလို ကလိယုဂ် ဆုတ်ကပ်ကာလဆိုတာ လူ့လောကမှာ လေးပုံတစ်ပုံပဲကောင်းတယ်။ ကျန်တဲ့သုံးပုံက တရားပျက်နေပြီလို့ဆိုလိုတာ။

http://www.dhammadownload.com



အဲဒီလို ခေတ်ဆိုးကြီးထဲမှာ မြတ်စွာဘုရားပွင့်လာရတာ ဖြစ်ပါတယ်။ မြတ်စွာဘုရား ပွင့်လာသည့်အတွက်ကြောင့်၊ ဘုရားရဲ့ တရားစွမ်းအားတွေကြောင့် လူတွေရဲ့သက်တမ်း တစ်ရာတမ်းဟာ ကနေ့ထိအောင်ပဲ တည်တံ့နေတယ်။ တစ်ရာနီးနီး၊ တစ်ရာကျော်ကျော် အသက်ရှည်တဲ့ ပုဂ္ဂိုလ်တွေ တွေ့နိုင်သေးတာပေါ့။ ဘုရားပွင့်ထားတဲ့ အချိန်လေးကြောင့်မို့လို့ပါ။

## မနက်ဖြန်ကမ္ဘာ

အေး၊ ဒီကနေ့ခေတ်မှာ ပြန်ပြီးတော့ကြည့်။ အခု ယနေ့လူသားတွေရဲ့ အသက်ဟာ တစ်ရာတမ်းလို့ပဲ ဆိုပါစို့။ အသက်တစ်ရာတမ်းနေ လူတွေရဲ့မနက်ဖြန်ကမ္ဘာဟာ ဘာဖြစ်ဦးမလဲဆိုတာကို မြတ်စွာဘုရားက ဟောထားတယ်။ နောင်ကျလို့ရှိရင်တဲ့၊ လူတွေရဲ့ သက်တမ်းဟာ အခုတစ်ရာတမ်းကနေ ဆက်ပြီးကျသွားဦးမယ်တဲ့။ ဘာကြောင့်တုန်းဆိုလို့ရှိရင် အခုနက ဒုစရိုက်တရားတွေ ထပ်ထပ်ပြီးတော့ ပေါ်နေလို့ပဲ။

http://www.dhammadownload.com



အခုကြည့်လေ၊ လွန်ခဲ့တဲ့အနှစ်လေးငါးဆယ်က မကြားဖူးတဲ့ အကြမ်းဖက်ဝါဒ terrorism တို့၊ အကြမ်းဖက်သမား terrorist တို့ ဆိုတာတွေ ပေါ်လာပြီလေ။ အပြစ်မဲ့တဲ့ပုဂ္ဂိုလ်တွေကို သတ်ရဲဖြတ်ရဲတယ်။ အပြစ်မရှိတဲ့ ပုဂ္ဂိုလ်တွေ ဘယ်သူသေသေ ဆိုပြီးတော့ လက်နက်တွေ ထွင်လာတာတွေ၊ ဒုစရိုက်မှုတွေ လူတွေရဲ့စိတ်ဓာတ်မှာ ဆက်လက်ပြီးတော့ လွှမ်းမိုးလာတယ်။ လူသတ်ဖို့ လက်နက်တွေ ပိုပိုပြီးထွင်လာကြတယ်။ လူကို သေစေတတ်တဲ့ အဆိပ်လက်နက်တွေ၊ ဓာတုဗေဒ လက်နက်တွေ ဒီလို လက်နက်မျိုးစုံ ဆက်ပြီးတော့ တီထွင်ကြံဆနေကြတုန်းပဲ။ အဲဒီလို တီထွင်ကြံဆနေသည့်အတွက်ကြောင့် လူတွေရဲ့ နက်ဖြန်ကမ္ဘာဟာ ရင်အေးစရာ မဟုတ်ပါဘူး။ ရင်လေးစရာ ဖြစ်နေပါတယ်။

အဲဒါကို မြတ်စွာဘုရားက အေး၊ နောင်ကျလို့ရှိရင်တဲ့၊ လူ့ရဲ့သက်တမ်းဟာ ဆယ်နှစ်တမ်းထိအောင် ရောက်သွားလိမ့်မယ်တဲ့။ အဆိုးဆုံးခေတ်၊ အဲဒီခေတ်က လူတွေရဲ့အသက်ဟာ ဆယ်နှစ်ပဲရှိမယ်။ အဲဒီထဲမှာ

http://www.dhammadownload.com



ဆယ်နှစ်အသက်ရှည်တဲ့ လူတွေထဲမှာ ငါးနှစ်အရွယ် သတို့သမီးငယ်ဟာ အိမ်ထောင်ပြုရမယ့်အရွယ်ဖြစ်လာလိမ့်မယ်။

စာထဲမှာ "**ပဥ္စဝဿိကာ ကုမာရိကာ အလံပတေယျာ**" တဲ့။ ငါးနှစ်အရွယ် သတို့သမီးငယ်ဟာ အိမ်ထောင်ပြုရမယ့်အရွယ် ဖြစ်လာလိမ့်မယ်။ အောက်ခြေမှာပါတဲ့ ပါဠိမူကွဲလေးတစ်ခု different version လေးတစ်ခုရှိပါတယ်။ **ပဥ္စမာသိကာ** – ငါးလအရွယ်ရှိသောတဲ့။ အဲဒီမူကွဲလေးမှာပါတဲ့အတိုင်း ငါးလအရွယ်ဆိုတာကျ ယခုခေတ် အနေအထားနဲ့တွက်ရင် ငယ်လွန်းနေပြန်တယ်။

ဆယ်နှစ်သက်တမ်းမှာ ငါးနှစ်ဆိုပြန်ရင် အသက်တစ်ဝက်ကျိုးနေပြီ။ အဲဒီတော့ အသက်တစ်ဝက်ကျိုးမှ အိမ်ထောင်ပြုနိုင်တဲ့အရွယ် ဖြစ်တယ်ဆိုရင် နောက်ကျလွန်းနေပြန်တယ်။ **ပဥ္စဒသ မာသိကာ**–ဟု ပါဠိရှိစေပြီး ၁၅-လအရွယ်ရှိသော ဟု ဆိုရပါလျှင် မငယ်လွန်း၊ မကြီးလွန်း ဖြစ်စရာရှိပါတယ်။ ၁၈-လအရွယ်ဆိုလျှင် အနှစ်တစ်ရာတမ်းမှာ ၁၆-နှစ်အရွယ် ဆိုတာနဲ့ပိုပြီး

http://www.dhammadownload.com



ဆီလျော့်လို့ ပိုကောင်းလောက်စရာရှိပါတယ်။ ပိုပြီးတော့ ယုတ္တိရှိပါလိမ့်မယ်။

ဒါတင်မကဘူး၊ ၁၀-နှစ်တမ်းအရွယ် ဒီကနေ့ခေတ်မှာ ကောင်းတယ်လို့ သတ်မှတ်ထားတဲ့ ထောပတ်တို့၊ ဆီဦးတို့၊ ဆီတို့၊ ပျားတို့၊ တင်လဲတို့ဆိုတဲ့ အဆီဩဇာရှိတဲ့ အစာအာဟာရတွေအပြင် ဟင်းထဲမှာပါတဲ့ ဆားဆိုတာဟာ ရှာမရအောင် ပျောက်ကွယ်သွားလိမ့်မယ်။

ဒါလဲပဲ ဒီကနေ့ခေတ် အနေအထားနဲ့ နည်းနည်းစဉ်းစားကြည့်လိုက်မယ်ဆိုရင် ထောပတ် အစစ်က ပျောက်သလောက်ဖြစ်သွားပြီ။ ထောပတ်အတုတွေ များလာပြီ။ ဆီဆိုလို့ရှိရင်လည်း အဓိကကတော့ ဆီဆိုတာ နှမ်းဆီအဓိကပါ။ အခု နှမ်းဆီလည်း တဖြည်းဖြည်း ပျောက်လာတဲ့သဘော ရှိလာတာပေါ့။ ပျားရည်တို့ဘာတို့ ဆိုတာလည်းပဲ အတုတွေများလာတယ်။ အဲတော့ ဒါတွေပျောက်သွားမယ်ဆိုတာ အစစ်တွေ ပျောက်လိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးဖြစ်မှာပါ။ ၁၀-နှစ်

http://www.dhammadownload.com



သက်တမ်း မတိုင်ခင်ကတည်းက အခုပင် ပျောက်စပြုလာပြီလို့ ဒီလိုပြောနိုင်ပါတယ်။

ဘုန်းကြီးတို့က စဉ်းစားကြည့်တာ၊ ဆားက ဘာဖြစ်လို့ပျောက်ရတာလဲဆိုတော့ လူတွေဟာ အခုဆားရှောင်နေရတယ်။ ဆားရှောင်ရတဲ့ ရောဂါမျိုးတွေ ဖြစ်လာကြတာကိုး။ သွေးတိုးရောဂါတို့ ဘာတို့ဆိုတာ အဲတော့ တစ်နေ့ကျတော့လည်းပဲ ဆားကိုလုံးဝမသုံးရတဲ့အခြေအနေမျိုး ဖြစ်ကောင်းဖြစ်လာလိမ့်မယ်။ အဲဒါကြောင့်မို့ ဆားပျောက်သွားတာလည်း ဖြစ်နိုင်ပါလိမ့်မယ်။ တချို့ဆိုရင် ဆားမစားဘဲနဲ့ ဆားအစား အချိုချက်စားနေကြတာတွေများလာကြတယ်လေ။ အဲတော့ ဒါလည်း ပျောက်မယ်ဆိုတာ သဘာဝကျတယ်။

နောက် ၁၀-နှစ် သက်တမ်းမှာ ဒီကနေ့ခေတ် အကောင်းဆုံး သလေးစပါးတို့၊ မြန်မာပြည်ကထုတ်တဲ့ ပေါ်ဆန်းမွှေးတို့၊ နောက်တခြားနိုင်ငံတွေမှာ ပေါ်နေတဲ့ ဘာစမာတီလို့ဆိုတဲ့ ကောင်းတဲ့ဆန်မျိုးတွေဟာ လုံးဝပျောက်ကွယ်သွားပြီးတော့ လူးစပါးလို့ခေါ်တဲ့

http://www.dhammadownload.com



စပါးကြမ်း၊ ဒီကနေ့ခေတ်မှာ ဘယ်သူမှမစားတဲ့ စပါးအညံ့ဟာ အဲဒီခေတ်မှာ အကောင်းဆုံးစပါး ဖြစ်လာလိမ့်မယ်။ တဖြည်းဖြည်း ဒီလို အစာအာဟာရတွေဟာ ပျောက်ကွယ်သွားမယ်။

ဒါတင်မကဘူး၊ **"ကုသလကမ္မပထ"** တရား- သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်တယ်။ သူ့ဥစ္စာခိုးခြင်းမှ ရှောင်ကြဉ်တယ်။ သူတစ်ပါးသားမယား ဖြစ်မှားခြင်းမှ ရှောင်ကြဉ်တယ်ဆိုတဲ့ ကာယသုစရိုက် သုံးပါး၊ လိမ်ပြောခြင်းမှ ရှောင်ကြဉ်တယ်၊ ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်တယ်၊ ဆဲဆိုကြမ်းတမ်းသောစကား ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်၊ အကျိုးမရှိတဲ့စကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်တယ်ဆိုတဲ့ ဝစီသုစရိုက်လေးပါး။ သူများပစ္စည်း ကိုယ့်ပစ္စည်းဖြစ်လိုမှု **အဘိဇ္ဈာ** မှ ရှောင်ကြဉ်တယ်၊ သူတစ်ပါးအပေါ်မှာ မေတ္တာထားတယ်။ **အဗျာပါဒ**–မှန်ကန်သောအယူကို ယူတယ်။ **သမ္မာဒိဋ္ဌိ**–ဆိုတဲ့ မနောသုစရိုက်သုံးပါး၊ အဲဒီကုသိုလ်ကမ္မပထတရား ဆယ်ပါးဟာ လူ့လောကမှာ လုံးဝ

http://www.dhammadownload.com



ပျောက်ကွယ်သွားလိမ့်မယ်တဲ့။ အကုသိုလ် ကမ္မပထ တရားတွေသာ ခေတ်စားလာလိမ့်မယ်။

ခေတ်စားလာရုံတင် မကဘူးတဲ့၊ ကုသိုလ်ဆိုတဲ့ စကားတောင် မကြားရဘဲနဲ့ ကုသိုလ်ပြုမယ့်သူဆိုတာ လုံးဝမပေါ်လာတော့ပါဘူး။ ဒါတင်မကဘူး၊ အဲဒီ ဆယ်နှစ်တမ်းရဲ့ အခြေအနေဆိုးတွေက ဘာတုန်း ဆိုလို့ရှိရင် အမေတွေ၊ အဖေတွေ၊ ဆွေထဲမျိုးထဲက အကြီးအကဲတွေဆိုတာ ဘယ်သူမှ အသိအမှတ်မပြု တော့ဘူး။ ဘာသာတရားနှင့် ပတ်သက်ပြီးတော့ လေးစားရမယ့်ပုဂ္ဂိုလ်ဆိုတာ ဘယ်သူကမှ အသိအမှတ် မပြုတော့ဘူး။ ဒီကနေ့ခေတ်မှာ မိဘကို လုပ်ကျွေးတဲ့ ပုဂ္ဂိုလ်ဟာ ချီးမွမ်းခံရတာလို နောင်ခေတ်ကျရင် မိဘ ကို စော်ကားတဲ့ပုဂ္ဂိုလ်က အချီးမွမ်းခံရတဲ့ပုဂ္ဂိုလ် ဖြစ် လာလိမ့်မယ်တဲ့။

အဲဒါတင်လားလို့ဆိုတော့ မဟုတ်ဘူး။ လူတွေရဲ့ စရိုက်တွေ၊ စိတ်နေ စိတ်ထားတွေဟာ အလွန် အာဃာတ များလာလိမ့်မယ်။ အခုခေတ်မှာပြောတဲ့ အကြမ်းဖက်ဝါဒဆိုတာ လူတွေရဲ့စိတ်ထဲမှာ သတ်ချင်

http://www.dhammadownload.com



ဖြတ်ချင်စိတ်တွေ ဖြစ်နေတာ။ အကြောင်းမဲ့သတ်ချင်တဲ့စိတ်တွေ၊ ဒီကနေ့ခေတ်မှာ ကြိုကြားကြိုကြားပေါ်နေတယ်။ ဘာမှအဓိပ္ပာယ်မရှိဘဲနဲ့ လိုက်ပြီးတော့ လူတွေကို သတ်တယ် ဆိုတဲ့ဟာမျိုးတွေ။ အခုခေတ် မကြာမကြာ သတင်းစာတို့၊ ရေဒီယိုတို့မှာ ကြားနေရတယ်။ အဲဒီလိုစိတ်ဓာတ်မျိုးတွေ။ တကယ်ကတော့ လူတွေရဲ့စိတ်ထဲမှာ ဒါတွေဟာ တဖြည်းဖြည်း ကိန်းအောင်းလာတယ်လို့ ပြောရမှာပါ။

တချို့နိုင်ငံတွေမှာဆိုရင် ကျောင်းထဲဝင်ပြီးတော့ သေနတ်နဲ့ ကျောင်းသူကျောင်းသားတွေကို ပစ်သတ်တယ်၊ ဆရာ ဆရာမတွေကို ပစ်သတ်တယ်ဆိုတဲ့ သတင်းတွေတောင် ကြားနေရတယ်။ အဲဒီလိုဟာမျိုးတွေ ဆယ်နှစ်သက်တမ်း ရောက်လာတဲ့အခါကျတော့ ပေါ်လာလိမ့်မယ်။ ပြင်းထန်တဲ့ ဒေါသတွေ၊ အာဃာတတွေဟာ လူတွေရဲ့စိတ်ထဲမှာ ဘာကြောင့်မှန်းမသိဘဲနဲ့ ပေါ်လာလိမ့်မယ်တဲ့။

မိသားစုအချင်းချင်းမှာပင် မေတ္တာတရားတွေ ကင်းမဲ့ဆိတ်သုဉ်းသွားလိမ့်မယ်။ အမေကလဲ သားသမီး

http://www.dhammadownload.com



တွေကို သတ်ချင်တယ်။ အဖေကလဲ သားသမီးတွေကို သတ်ချင်တယ်။ သားသမီးတွေကလည်း မိဘကို သတ်ချင်ဖြတ်ချင်နေကြတယ်။ အကြင်နာတရားတို့၊ မေတ္တာတရားတို့ဆိုတာ အဲဒီဆယ်နှစ်တမ်းမှာ မရှိသလောက် လုံးဝပျောက်ကွယ်သွားလိမ့်မယ်တဲ့။

နောက်ဆုံးမှာ လူတွေဟာ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးတဲ့အနေနဲ့ အင်မတန်မှ အစွမ်းထက်တဲ့ လက်နက်တွေ လက်ထဲမှာရလာပြီးတော့ အကြောင်းမဲ့ တစ်ဦးနှင့်တစ်ဦး သတ်ကြဖြတ်ကြတဲ့ စစ်ပွဲကြီးတစ်ခု ဖြစ်ပွားလိမ့်မယ်။ ခုနစ်ရက်အတွင်းမှာပဲ လူသတ်လက်နက်တွေအသုံးပြုပြီးတော့ လူတွေဟာအချင်းချင်း ခုတ်ကြထစ်ကြ သတ်ကြဖြတ်ကြလို့ လူတွေအကုန်လုံး သေကြေပျက်စီးပြီးတော့ သွားကြမယ်။

အဲဒီထဲမှာ ငါတို့ကိုလဲပဲ ဘယ်သူကမှမသတ်ဘူး၊ ငါတို့ကလဲ သူများရဲ့အသက်ကို မသတ်ဘူးဆိုတဲ့ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေဟာ တစ်နေရာမှာ ပုန်းအောင်နေကြတယ်။ တောတွေ တောင်တွေကြားထဲမှာ ပုန်းအောင်းနေကြတဲ့ ပုဂ္ဂိုလ်အချို့လောက်ပဲ လူ့လောကမှာကျန်

http://www.dhammadownload.com



မယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေက ခုနစ်ရက်စစ်ပွဲကြီး ဖြစ်ပြီးတော့ ဆယ်နှစ်တမ်းခေတ်ကြီးမှာ သွေးရဲရဲ သံရဲရဲနဲ့ သွေးချောင်းစီးတိုက်ပွဲကြီးနဲ့ လူ့ရဲ့ နောက်ဆုံးအခြေအနေဆိုးကြီးသို့ ရောက်ရှိသွားပါလိမ့်မယ်တဲ့။ **ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ** မှာ ဒီလိုဖြစ်လာမယ်ဆိုတာကို မြတ်စွာဘုရားက **စက္ကဝတ္တိသုတ္တန်** မှာ ဟောထားပါတယ်။

အဲဒီလို ခုနစ်ရက်စစ်ပွဲကြီး ဖြစ်ပွားပြီးတဲ့ နောက်ပိုင်းမှာ လူတွေဟာ အသိတရား ပြန်ရလာကြတယ်။ ပြန်ပြီး တစ်ဦးနှင့်တစ်ဦးတွေ့တဲ့အခါ အေး၊ မသေလို့ တွေ့ရတာ ဆိုပြီးတော့ အဲဒီကျမှ တစ်ဦးနှင့်တစ်ဦး ဖက်ပြီးတော့ မင်းအသက်ရှင်လျက်တွေ့ရတာ ဝမ်းသာလိုက်တာဆိုပြီး တစ်ယောက်နဲ့တစ်ယောက် ဖက်ပြီးတော့ လူတွေဟာ ငိုကြွေးကြပြီး တို့တစ်တွေဟာ တစ်ယောက်နဲ့တစ်ယောက် သတ်ကြလို့ တို့လူမျိုးနွယ်တွေ ပျက်စီးသွားပြီ၊ ဒီနေ့ကစပြီးတော့ တို့ ဘယ်သူ့ကိုမှ မသတ်တော့ဘူးလို့ သူများအသက်သတ်ခြင်းမှ ရှောင်ကြဉ်မှုဆိုတဲ့ **"ပါဏာတိပါတာ ဝေရမဏီ"** ဆိုတဲ့

http://www.dhammadownload.com



သိက္ခာပုဒ်ကိုဆောက်တည်လိုက်ကြတယ်။ စိတ်ကောင်းလေး ပြန်ဝင်လာပြီးတော့ ခေတ်သစ်တစ်ခု စတင်ပေါ်ထွန်းလာတဲ့သဘောပေ့ါ။

စိတ်ကောင်းလေး စပြီးတော့ ဝင်လာတယ်။ ကောင်းတဲ့ခေတ်ကလေး တစ်ခုဆီ ပြန်ပြီးတော့ တာစူလာတယ်။ လူတွေရဲ့စိတ်ထဲမှာ သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မယ်ဆိုတဲ့ ဒီအသိတရားလေး ဝင်လာတယ်။ ရှောင်ကြဉ်ကြမယ်ဆိုတဲ့ အသိတရားလေး စပေါ်လာတာနဲ့ တစ်ပြိုင်နက်ပဲ လူတွေရဲ့စိတ်ထဲမှာ ကြည်လင်အေးမြတဲ့ သဘာဝလေး၊ ကုသိုလ်တရားလေး ထွန်းကားလာသည့် အတွက်ကြောင့် ဆယ်နှစ်တမ်းက မိဘတွေရဲ့ သားသမီးတွေ နောက် (generation) သားသမီးတစ်ဆက်ကျ ဘာဖြစ်လာတုန်းဆိုတော့ အသက်နှစ်ဆယ်လောက်ထိ ရှည်သွားသတဲ့။

အဲဒီကနေတစ်ခါ သူများပစ္စည်းတို့မခိုးဘူး၊ သူများပစ္စည်းခိုးခြင်းမှ တို့ရှောင်ကြဉ်မယ်ဆိုတဲ့ ကုသိုလ်ကို ဆက်လုပ်လိုက်တဲ့အခါ သုစရိုက်ဆယ်ပါး တစ်ခုပြီး တစ်ခု ဆက်ပြီးတော့ ကျင့်သုံးသွားလိုက်တဲ့အခါ

http://www.dhammadownload.com



ဆယ်နှစ်တမ်းကနေ အနှစ်နှစ်ဆယ်၊ အနှစ်နှစ်ဆယ်ကနေ အနှစ်လေးဆယ်၊ အနှစ်လေးဆယ်ကနေ အနှစ်ရှစ်ဆယ်၊ အနှစ် ရှစ်ဆယ်ကနေ အနှစ် တစ်ရာ့ခြောက်ဆယ်ဆိုပြီး နှစ်ဆ နှစ်ဆ တက်ပြီးတော့သွားလိုက်တာ နောက်ဆုံး လူ့ရဲ့သက်တမ်းဟာ အနှစ်အသင်္ချေတမ်းအထိပဲ။ ရွှေခေတ်ကို ပြန်ရောက်သွားလိမ့်မယ်လို့ မြတ်စွာဘုရားက ဒီသုတ္တန်မှာ ဟောထားပါတယ်။

ဒါကြောင့် ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာဟာ ယခုလို အခြေအနေဆိုးကြီးနဲ့ အဆုံးသတ်ပြီးတော့ အကောင်းဘက်က ပြန်စလာမယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲလို့ဆိုရင် ဒုစရိုက်တရားတွေကြောင့် ဖြစ်ရတာပါ။ ဒါကြောင့်မို့ မြတ်စွာဘုရားက ဒီသုတ္တန်မှာ နိဂုံးချုပ်တဲ့ အနေနဲ့-

"အတ္တဒီပါ ဘိက္ခဝေ ဝိဟာရထ အတ္တသရဏာ အနည သရဏာ။ ဓမ္မဒီပါ ဘိက္ခဝေ ဝိဟာရထ ဓမ္မသရဏာ အညသရဏာ"လို့ ဟောပါတယ်။ မိမိသည်

http://www.dhammadownload.com



သာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်ကြပါစေ၊ မိမိကျင့်သုံးတဲ့ တရားသည်သာ မိမိရဲ့ကိုးကွယ်ရာ ဖြစ်ကြပါစေ။

ကုသိုလ်တရားတွေကို ဆောက်တည်ခြင်းဖြင့် လူ့ရဲ့သက်တမ်းဟာ တိုးတက်နိုင်သလို အကုသိုလ် တရားတွေကို ဆက်လက်လုပ်ကိုင်နေခြင်းဖြင့် လူ့ရဲ့ သက်တမ်းတွေဟာ ကျဆင်းသွားနိုင်တယ်။ ဒါကြောင့် မို့လို့ မြတ်စွာဘုရားက ဒီသုတ္တန်မှာ ကိုယ့်ကိုယ်ကို အားကိုးတဲ့အနေနဲ့ ဓမ္မကိုသာလျှင် ကိုးကွယ်ကြဖို့၊ ဓမ္မ သည်သာလျှင် မိမိတို့ရဲ့ ကိုးကွယ်ရာ ဖြစ်တယ်လို့ ဟောတော်မူပါတယ်။

အေး ... နိဂုံးချုပ်အနေနဲ့ "**ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ**" (Well practised dhamma brings happiness) ဆိုတဲ့အတိုင်း ကောင်းစွာကျင့်သုံးအပ်တဲ့ တရားသည် ချမ်းသာသုခကို ရယူစေနိုင်တယ်လို့ဆိုတဲ့ ဗုဒ္ဓမြတ်စွာရဲ့ ဒေသနာတော်အတိုင်း "**အတ္တဒီပ**" မိမိ သည်သာလျှင် မိမိရဲ့မှီခိုရာ၊ "**အတ္တသရဏ**" မိမိသည် သာလျှင် မိမိရဲ့ကိုးကွယ်ရာ၊ "**ဓမ္မဒီပ**" တရားသည်သာ လျှင် မိမိရဲ့မှီခိုရာ၊ "**ဓမ္မသရဏ**" မိမိကျင့်သုံးတဲ့တရား

http://www.dhammadownload.com



သည်သာလျှင် မိမိကိုးကွယ်ရာဖြစ်အောင် အားလုံး ကျင့်သုံးဆောက်တည်ကြရမှာ ဖြစ်ပါတယ်။

ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ ကို သံဝေဂ ကြီးစွာယူပြီး တရားဓမ္မကို ကျင့်သုံးခြင်းဖြင့်သာလျှင် အခြေအနေဆိုးတွေက လွတ်မြောက်ပြီးတော့ အခြေ အနေကောင်းတွေကို ဖန်တီးနိုင်မှာဖြစ်တဲ့အကြောင်း အားလုံးသော သူတော်စင်အပေါင်းတို့သည် တရား တော်ကို လိုက်နာကျင့်သုံးနိုင်ကြပါစေကုန်သတည်း။

ဒေါက်တာနန္ဒမာလာဘိဝံသ

❀ ❀ ❀

http://www.dhammadownload.com

# ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များက ရေးကူးသော စာမူများကို ဆရာတော်ကြီးထံပေးပို့ကြပါသည်။ ဆရာတော်ကြီး ကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်း လိုပါက ဖော်ပြပါ ဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

http://www.dhammadownload.com

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ MRTV(4) တရားတော်များ (၃)ပုဒ်တွဲ
(က) နှစ်ဦးကာလ ဓမ္မလက်ဆောင်
(ခ) မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
(ဂ) ယနေ့လူသားများရဲ့ မနက်ဖန်ကမ္ဘာ
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာစုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နဲ့ တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပာယ်
၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

http://www.dhammadownload.com

# ရရှိနိုင်သော ဌာနများ

၁။ အောင်ဇမ္ဗူ ပုံနှိပ်တိုက်
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း ၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊
မြေအောက်ထပ်။
ဖုန်း ၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄

၃။ ဓမ္မဗျူဟာ သာသနမာမကအဖွဲ့
လူပုဂ္ဂိုလ်များဆိုင်ရာ
ဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

http://www.dhammadownload.com

# ဓမ္မစာပေပြန့်ပွားရေး
# ထေရဝါဒဓမ္မဒါန အလှူရှင်များ

| | | |
|---|---|---|
| ၁။ | မိဘများနှင့် ဦးတင်စိုးတို့ကိုရည်စူး၍ ဒေါ်ခင်လှမိသားစု။ (ကိုကျော်သင်းအေးဆိုင်)မဂ်လာဈေး။ | ၃၉,၀၀,၀၀၀ |
| ၂။ | ဦးအုန်းကျော်+ဒေါ်ခင်မမ မိသားစု။ | ၃၅,၀၀,၀၀၀ |
| ၃။ | ဦးခင်ရွှေ+ဒေါ်ပေလှိုင် မိသားစု။ | ၃,၀၀,၀၀၀ |
| ၄။ | ဦးချစ်မွှေး+ဒေါ်မြင့်မြင့်ရီ | ၃,၀၀,၀၀၀ |
| ၅။ | ဦးသောင်းငွေ+ဒေါ်ခင်စောဝင်း | ၃,၀၀,၀၀၀ |
| ၆။ | Singapore မှ ဓမ္မမိတ်ဆွေများ | ၃,၀၀,၀၀၀ |
| ၇။ | ဦးစံသာ+ဒေါ်ပေဦးခင်၊ သမီး - စံသာရတနာ သား - မောင်စံသာသုခ မိသားစု။ | ၁,၅၀,၀၀၀ |
| ၈။ | ဦးမြဟန်+ဒေါ်သီတာစိ မိသားစု။ | ၁,၀၀,၀၀၀ |
| ၉။ | ရွှေပြည်ဟိန်းဆရာတော်၏မယ်တော်ကြီး ဒေါ်အမာ။ | ၁,၀၀,၀၀၀ |
| ၁၀။ | ကိုထွန်းလင်း+မနွယ်နွယ်စိန်း | ၁,၀၀,၀၀၀ |
| ၁၁။ | ကိုကျော်ဆန်းလွင်+ဒေါ်မြင့်မြင့် | ၁,၀၀,၀၀၀ |
| ၁၂။ | ဖခင်ကြီးဦးသိန်းကြည်အား ရည်စူး၍ မိခင်ကြီး ဒေါ်သန်းကြည်အား အမှူးထားလျက် ဒေါ်မြမြသိန်းနှင့် မောင်နမတစ်စု(ရန်ကင်း) | ၁,၀၀,၀၀၀ |
| ၁၃။ | မသန်းသန်းဝင်း၊ မပေပေသက်ဝေ | ၅၀,၀၀၀ |
| ၁၄။ | မိဘများ၊ ခင်ပွန်း ဦးတင်အောင်နှင့် သမီးငယ် မိမိအောင်တို့အား ရည်စူး၍ ဒေါ်တင်တင်ဝင်းမိသားစု။ | ၃၀,၀၀၀ |

http://www.dhammadownload.com

| | | |
|---|---|---|
| ၁၅။ | ဦးမြင့်သိန်း+ဒေါ်ဆွေဆွေ၊ သမီး ဒေါက်တာသီရိရွှေစင်၊ သား-မောင်ဘုန်းပြည့်အောင်မိသားစု(ရန်ကင်း) | ၃,၀၀,၀၀ |
| ၁၆။ | ဒေါ်မွန်မွန်ဒီနွာ BA.B Student | ၁,၀၀,၀၀ |
| ၁၇။ | ဦးကံညွန့်+ဒေါ်ခင်ကြည် မိသားစု(ရန်ကင်း) | ၁,၀၀,၀၀ |
| ၁၈။ | မောင်မင်းမင်းသိုက်+မနှင်းခက်မော် မိသားစု | ၁,၀၀,၀၀ |
| ၁၉။ | ဦးဝင်းဗေသန်း+ဒေါ်ခင်မြတ်နွယ်၊ သား-မောင်ဝေဖြိုးသန်း မိသားစု(ရန်ကင်း) | ၁,၀၀,၀၀ |
| ၂၀။ | မကြေးမုံဝင်းထွဋ်၊ မောင်ရဲမာန်ဝင်းထွဋ် မောင်နှမ | ၅၀,၀၀ |

http://www.dhammadownload.com